# နောက်ဆုံးအခြေအနေ

# ၂၀၂၂ ခုနှစ် ဧပြီလ

## အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ)

ဒီမိုကရေစီ စံချိန်စံညွှန်းများ၊ တန်ဖိုးများနှင့် အခြေခံဥပဒေသများကို မြန်မာနိုင်ငံတွင် ကျင့်သုံးခြင်းမရှိသကဲ့သို့ ထိုဥပဒေသများကို ကာကွယ်ပေးထားခြင်းလည်း မရှိပေ။ ဧပြီလသည် လိင်ပိုင်းဆိုင်ရာနှင့် ကျား-မ ကွဲပြားမှုအပေါ် အခြေပြုသည့် အကြမ်းဖက်မှုများအပါအဝင် လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သည့် ရာဇဝတ်မှုများ ကျူးလွန်ကြောင်း ရှင်းလင်းစွာ ဖော်ထုတ်ပြသသည့် သက်သေအထောက်အထားများ မြင့်တက်လာသော ဆိုးဝါးလှသည့် လတစ်လ ဖြစ်သည်။ အမှန်တရားအတွက် ထုတ်ဖော်ပြောဆိုသူများမှာ စစ်အုပ်စု၏ မတရားစွပ်စွဲ အပြစ်တင်ခြင်းနှင့် အင်အားသုံးခြင်းများကို ခံနေကြရသည်။ မည်သို့ပင်ဖြစ်စေ မြန်မာပြည်သူများမှာ စစ်အာဏာသိမ်းမှုကို လက်မခံသည့် ၎င်းတို့၏ ရပ်တည်ချက်အပေါ် အခိုင်အမာ ဆက်လက်ရပ်တည်ခဲ့ကြသည်။

မြန်မာနိုင်ငံမှ အမျိုးသမီးများသည် အစွန်းရောက်အယူအဆများကို ဆန့်ကျင်ကာ တန်းတူရေးအတွက် စည်းရုံးလှုပ်ရှားများနှင့် ကောင်းမွန်သော အပြောင်းအလဲအတွက် ၎င်းတို့၏ နိုင်ငံရေးစိတ်ဆန္ဒကို ဖော်ထုတ်ဆောင်ရွက်လာခဲ့သည့် ရှည်လျားသော သမိုင်းကြောင်းများရှိခဲ့သည်။ ဆန္ဒပြပွဲများ၏ ဦးဆောင်မှုနေရာတွင် **၆၀ ရာနှုန်းကျော်**ပါဝင်ခြင်းဖြင့် အမျိုးသမီးများသည် ခုခံကာကွယ်ရေးအတွက် ရှေ့တန်းမှ မကြောက်မရွံ့ ပါဝင်လှုပ်ရှားခဲ့သည်။ အာဏာသိမ်းမှု၏ နောက်ကွယ်တွင် အမျိုးသမီးများသည် **ဆန္ဒပြပွဲများကို ဦးဆောင်**စီစဉ်ခြင်း၊ တိုင်းရင်းသားဒေသများရှိ ပြည်တွင်းအိုးအိမ်မဲ့စစ်ပြေးဒုက္ခသည်များ (IDPs) ၏ လိုအပ်ချက်များကို တုန့်ပြန်ခြင်းနှင့် **အခမဲ့ ဥပဒေရေးရာ ဝန်ဆောင်မှုများပေးခြင်း**စသည့် နည်းလမ်းမျိုးစုံဖြင့် ရှေ့တန်းမှ ပါဝင်ကာ ၎င်းတို့၏ အင်အားအရှိန်အဟုန်ကို ပြသလျှက်ရှိသည်။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အပါအဝင် အမျိုးသမီးများသည် မိမိတို့၏ တွေ့ကြုံခံစားနေရသော ဒုက္ခအခက်အခဲများ၊ စိန်ခေါ်မှုများနှင့် မြန်မာနိုင်ငံရှိ အခြေအနေအပေါ် တုန့်ပြန်ချက်များကို အာရုံစိုက်မှုရစေရန် **ဆွေးနွေးပွဲများကို ဦးဆောင်**စီစဉ်မှုများ ပြုလုပ်ခဲ့ကြသည်။

မြန်မာစစ်တပ်သည် အမျိုးသမီးများ၏ အသံများကို စော်ကားနှောက်ယှက်ရန်နှင့် တိတ်ဆိတ်သွားစေရန် အတွက် လိင်အကြမ်းဖက်ဖိနှိပ်မှုပုံစံကို အသုံးပြုနေခြင်းမှာ စစ်အုပ်စု၏ မည်သည့်အခါမျှ သွေဖီပြောင်းလဲသွားခြင်း မရှိသည့် နည်းဗျူဟာဖြစ်သည်။ နိုင်ငံတော် စီမံခန့်ခွဲမှုကောင်စီဟု အမည်တပ်ထားသော အဖွဲ့၏ ခေါင်းဆောင်ပိုင်းတို့သည် လိင်ပိုင်းဆိုင်ရာနှင့် လိင်ကွဲပြားမှုအပေါ် အခြေခံသော အကြမ်းဖက်မှုများကို အသုံးပြုကာ အမျိုးသမီး လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများကို ပစ်မှတ်ထား အမြတ်ထုတ်လျက်ရှိသည်။ ထိန်းသိမ်းခံထားရသူများနှင့် ပတ်သက်သည့် အခြေအနေများကို သိရှိရန် အကန့်အသတ်များရှိသော်လည်း သတင်းအချက်အလက်များကို အတင်းအဓမ္မရယူရန်အတွက် အကျဉ်းထောင်များအတွင်း နှိပ်စက်ညှင်းပမ်းမှုများကို ကျင့်သုံးလာခဲ့သည်မှာ ဆယ်စုနှစ်များစွာချီနေပြီ ဖြစ်သည်။ အမျိုးသမီးများ အတွက်မူ ထိုနှိပ်စက်ညှဉ်းပမ်းမှုများအပြင် မုဒိမ်းကျင့်မှုနှင့် အခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကိုပါ ထပ်တိုး ကျင့်သုံးခဲ့ကြသည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ ပြုစုရေးသားခဲ့သည့် မှတ်တမ်းနှင့် သုံးသပ်ချက်များအရ မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် ကျူးလွန်သူများမှ တာဝန်ခံရန်နှင့် စစ်အုပ်စုအနေဖြင့် ထိုမတရားမှုများအတွက် ဆက်လက်မလွတ်မြောက်နိုင်ကြောင်းကို စံနမူနာ ပြသရန်အတွက် လျင်မြန်ထိရောက်သည့် နိုင်ငံတကာအရေးယူဆောင်ရွက်မှု လိုအပ်ကြောင်း မိမိတို့ အခိုင်အမာပြောဆိုနိုင်ပါသည်။ ထိုသို့ ဆောင်ရွက်မှုများတွင် နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) သို့ လွှဲပြောင်းခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ လက်နက်ပိတ်ဆို့မှုတို့ ပါဝင်သည်။

1

# စစ်အာဏာသိမ်းခြင်း၏ သက်ရောက်မှု

ဖေဖော်ဝါရီလ ၁ ရက် အာဏာသိမ်းသည့် အချိန်မှစ၍ စစ်တပ်မှ ကျူးလွန်သော အကြမ်းဖက်မှုများသည် အရပ်သားများအပေါ် ဆိုးကျိုးများစွာ သက်ရောက်စေခဲ့ရာ၊ ပြည်သူများသည် အခက်အခဲအများအပြား ရှိနေသည့်ကြားမှပင် ထိုဆိုးကျိုးသက်ရောက်မှုများကို ခံနိုင်ရည်ရှိရန် ကြိုးစားခဲ့ကြရသည်။

**၇၅၉**
ကျဆုံးသူ

**၄၇**

**၄၅၃၇**
ဖမ်းဆီးခံရသူ

**၇၉၂**

**နိုင်ငံရေး အကျဉ်းသားများ ကာကွယ်စောင့်ရှောက်ရေးအသင်း**၏ စာရင်းဇယားများအရ ဧပြီလကုန်တွင် လူပေါင်း ၇၅၉ ဦး ကျဆုံးခဲ့ပြီး ၄၅၃၇ ဦး အဖမ်းဆီးခံရကာ ၃၄၈၅ မှာ အထိန်းသိမ်းပြစ်ဒဏ်ချမှတ်ခံထားရပြီး လူပေါင်း ၁၃၁၆ ဦးမှာ ဖမ်းဆီးမှုမှ ရှောင်တိမ်းနေကြရသည်။ ကျဆုံးသူများထဲတွင် **အနည်းဆုံး ၅၁ ဦးမှာ ကလေးများ** ဖြစ်ပြီး ၄၇ ဦးမှာ အမျိုးသမီးများဖြစ်သည်။ အထိန်းသိမ်းခံရသူများအနက် အမျိုးသမီး လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူနှင့် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) တည်ထောင်သူအဖွဲ့ဝင်တဦးဖြစ်သည့် ဒေါ်သင်းသင်းအောင်၊ အလုပ်သမားရေးလှုပ်ရှားသူ ဒေါ်မျိုးမျိုးအေးနှင့် စာရေးဆရာနှင့် သတင်းသမားတဦးဖြစ်သူ ဒေါ်တူးတူးသာတို့ အပါအဝင် အမျိုးသမီးစုစုပေါင်း ၇၉၂ ဦးလည်း ပါဝင်သည်။

ထိန်းသိမ်းခံထားရသော အမျိုးသမီးများနှင့် မိန်းကလေးများ၏ စိတ်အနှောက်ဖြစ်စဖွယ် ဖြစ်ရပ်များလည်း ပေါ်ထွက်ခဲ့သည်။ ထိန်းသိမ်းခံခဲ့ရပြီး မကြာသေးခင်က ထိန်းသိမ်းရေး စခန်းတစ်ခုမှ ပြန်လည်လွတ်မြောက်လာခဲ့သူ အသက် ၁၇ နှစ်အရွယ် ရွှေယမင်းထက်၏ ပြန်လည်ပြောပြချက်အရ သူမနှင့် အချုပ်ခန်း တစ်ခန်းထဲတွင် နေခဲ့သည့် **ခင်ငြိမ်းသူသည်** လုံခြုံရေးတပ်ဖွဲ့များ၏ ဆိုးရွားစွာ စစ်ဆေးမေးမြန်းခြင်းခံခဲ့ရသည်။ ထိန်းသိမ်းခံထားရစဉ်အတွင်း ပထမဦးစွာ နှုတ်ဖြင့် စော်ကားခံရပြီး သူမ၏ လိင်ပိုင်းဆိုင်ရာ အချက်အလက်များ ကို မေးမြန်းခံခဲ့ရသည်။ သူမ၏ ချစ်သူမှာ နိုင်ငံခြားသားဖြစ်ကြောင်း ဖြေကြားခဲ့သည်မှစ၍ အကြမ်းဖက်မှုများကို သူမကြုံတွေ့ခဲ့ရသည်။ သူမ၏ ခြေထောက်နှစ်ချောင်းကို အတင်းအဓမ္မကားစေပြီး လူမျိုးခွဲခြားမှုများကို ပြောဆိုကာ လုံခြုံရေးတပ်ဖွဲ့များက သူမကို စတင်နှိပ်စက်တော့သည်။ စစ်ကောင်စီ၏ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သူမ၏ လိင်အင်္ဂါများကို ပစ်မှတ်ထားပြီး ခြေထောက်များ၊ အိမ်သာသန့်ရှင်းသော တုတ်တံများဖြင့် ထိုးနှက်တိုက်ခိုက်ခဲ့သည်။ သွေးများထွက်ပြီး လမ်းမလျှောက်နိုင်တော့သည့်အချိန်ရောက်မှသာ သူမကို ထားပစ်ခဲ့ကြသည်။ ခြောက်နာရီကြာ စစ်ကြောရေး ဝင်ခဲ့ပြီးနောက် သူမမှာ အလွန်အားနည်းနေခဲ့ပြီး ကျန်းမာရေး စောင့်ရှောက်မှုကို လုံးဝနီးပါး မရရှိခဲ့ကြောင်း သူမကို တွေ့ခဲ့ရသည့် အခြားအထိန်းသိမ်းခံရသူများမှ ပြန်ပြောပြကြသည်။ သူမအနေဖြင့် ပဋိဇီဝ မျက်စဉ်းဆေး၊ အနာအတွက် ဘီတာဒင်းနှင့် ဂွမ်းအနည်းငယ်သာ ရရှိခဲ့သည်။ သူမမှာ စိုးရိမ်ဖွယ် အခြေအနေတွင် ဆက်လက်ရှိနေဆဲ ဖြစ်သည်။

ထိုကဲ့သို့သော လိင်အကြမ်းဖက်မှုအပြင် လုံခြုံရေးတပ်ဖွဲ့များသည် အမျိုးသမီးများကို ဖမ်းဆီးမည့် စာရင်းမှ သူမတို့၏ အမည်ကို ပယ်ဖျက်စေလိုပါက ၎င်းတို့နှင့် လိင်ဆက်ဆံခြင်းအားဖြင့် ပယ်ဖျယ်နိုင်မည်ဟူသော ဖိအားပေးမှုများလည်း ရှိသည်။ အွန်လိုင်းတွင် ပေါ်ထွက်လာသော မက်ဆေ့ စာသားများအရ ပွဲစားနှစ်ဦးသည် ဖမ်းဆီးမည့် စာရင်းတွင်ပါသော အမျိုးသမီးများအား ၎င်းတို့၏ အမည်ကို စာရင်းမှ ပယ်ဖျက်ရန်အတွက် လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် လိင်ဆက်ဆံမှုပြုရန် စီစဉ်ကြိုးပမ်းသည့် ဖြစ်ရပ် ပေါ်ပေါက်ခဲ့သည်။ နောက်ထပ် လူသိရှင်ကြားဖြစ်ခဲ့သော စိတ်အနှောက်အယှက်ဖြစ်ဖွယ် မက်ဆေ့တစ်ခုတွင် လုံခြုံရေးအရာရှိတစ်ဦးက တက်ကြွလှုပ်ရှားသူ ဖြစ်လာသော ရုပ်ရှင်မင်းသမီးတစ်ဦးအား သူသည် သူမ၏ ဖေ့စ်ဘွတ်ဓါတ်ပုံများကို ကြည့်ကာ လိင်စိတ်ကို အာသာဖြေခဲ့ကြောင်းပြောထားပြီး သူမကို ဖမ်းမိပါက မုဒိမ်းကျင့်မည်ဖြစ်ကြောင်း ပြောထားသည်။ ဤမက်ဆေ့များကို ကြည့်ခြင်းအားဖြင့် မြန်မာစစ်တပ်၏ အထိန်းသိမ်းခံရပါက အမျိုးသမီးများအတွက် လုံးဝ လုံခြုံမှုမရှိကြောင်း နောက်ထပ် သက်သေအထောက်အထားများပင် ဖြစ်သည်။

ထို့အပြင် ဤဖြစ်ရပ်များသည် အမျိုးသမီးအခွင့်အရေးလှုပ်ရှားသော အဖွဲ့အစည်းများမှ နှစ်ပေါင်းများစွာ ပြုစုမှတ်တမ်းတင်ထားခဲ့သော များပြားလှသည့် သက်သေအထောက်အထားများကို ထပ်မံဖြည့်စွက်လိုက်ပြီး စစ်တပ်က နှောက်ယှက်စော်ကားရန်၊ ၎င်းတို့၏ အာဏာနှင့် ထိန်းချုပ်မှုကို ထိန်းသိမ်းရန်အတွက် ဤကဲ့သို့ လိင်အကြမ်းဖက်မှု၊ လာဘ်ပေးလာဘ်ယူမှုနှင့် ခြိမ်းခြောက်မှုများကို အသုံးပြုကြောင်း ဆက်လက်အတည်ပြုနေသည်။

# 2 တိုင်းရင်းသား နယ်မြေများရှိ စစ်တပ် စစ်ဆင်ရေးများ နှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ၏ သက်ရောက်မှု

တိုင်းရင်းသား နယ်မြေများတွင် မြန်မာစစ်တပ်စစ်သားများ ရှိခြင်းသည် အကြမ်းဖက် ဖိနှိပ်မှုကို နှစ်ပေါင်းများစွာ ခံစားခဲ့ကြရပြီးဖြစ်သော ကျေးရွာသူရွာသားများအတွက် ဆိုးရွားသော သက်ရောက်မှုများ ရှိသည်။ တိုင်းရင်းသားများမှာ နိုင်ငံလူဦးရေ ၅၂ သန်း၏ ၄၀% နီးပါးရှိသည်။ မြေပြင်တွင် အခြေအနေများ တင်းမာလာသည့်အခါတိုင်းတွင် တိုင်းရင်းသားပြည်သူများသည် နှစ်ပေါင်းများစွာ စစ်တပ်အုပ်ချုပ်ရေးကာလအတွင်း ဖြစ်ပွားခဲ့သော ကြောက်မက်ဖွယ်ရာများနှင့် ပြန်လည်နေထိုင်လာကြရသည်။ ဧပြီလ ၂၄ ရက်မှ ၂၉ ရက် ကာလအတွင်းတွင်ပင် မြန်မာစစ်တပ်သည် ကချင်နှင့် ကရင်ပြည်နယ်များရှိ အရပ်သားများအပေါ် လေကြောင်းတိုက်ခိုက်မှု ၄၁ ကြိမ် ပြုလုပ်ခဲ့ပြီး ထောင်နှင့်ချီသော လူများအား နေရပ်စွန့်ခွာထွက်ပြေးစေခဲ့သည်။ ၎င်းတို့၏ သွားလာလှုပ်ရှားနိုင်မှုမှာ အကန့်အသတ်ရှိခြင်းကြောင့် အမျိုးသမီးများ၊ ကလေးများနှင့် သက်ကြီးရွယ်အိုများအပါအဝင် ထိရှလွယ်သော သူများမှာ ဘေးအန္တရာယ် ကြုံတွေ့ရန် အလားအလာပိုများခဲ့ပြီး ၎င်းတို့သည် လိင်အကြမ်းဖက်မှုကို ကြုံတွေ့နိုင်သည့် အလားအလာမှာလည်း ပိုမိုတိုးမြင့်လာခဲ့သည်။



ကချင်နှင့် ကရင်ပြည်နယ်များရှိ
အရပ်သားများအပေါ် မြန်မာစစ်တပ်မှ ၆ ရက်အတွင်း

**၄၁ ကြိမ်**

လေကြောင်းတိုက်ခိုက်မှုပြုရာ
ထောင်နှင့်ချီသော ပြည်သူလူထုများကို နေရပ်စွန့်ခွာထွက်ပြေးစေ

ကချင်ပြည်နယ်တွင် ကချင်လွတ်လပ်ရေး တပ်မတော် (KIA) နှင့် မြန်မာစစ်တပ်အကြား တိုက်ပွဲများသည် မတ်လ အစောပိုင်းမှစပြီး ပြင်းထန်လာခဲ့သည်။ မြန်မာစစ်တပ်ဖွဲ့များ၏ ဖြိုခွဲမှုကြောင့် ကချင်အရပ်သား နှစ်ဦး သေဆုံးခဲ့ပြီးနောက်တွင် KIA က စတင် လက်တုန့်ပြန်လာခဲ့သည်။ အတုန့်အလှည့်အနေဖြင့် မြန်မာ စစ်အုပ်စု က လက်နက်ကြီးများကို မိုးမောက်မြို့နယ်အတွင်းရှိ ရွာများကို ပစ်ခတ်ခဲ့ရာ ရွာသုံးရွာမှ ရွာသား တစ်ဦးစီ သေဆုံးသွားခဲ့သည်။ ထိုထိခိုက်သေဆုံးခဲ့ရသူများမှာ ၈၃ နှစ်အရွယ် အဖွားအို၊ အသက် ၂၃ နှစ်အရွယ် အမျိုးသမီးနှင့် ၂၁ နှစ်အရွယ် အမျိုးသမီးတို့ဖြစ်သည်။ ထိုအကြမ်းဖက်မှုများအပြင် မြန်မာစစ်တပ်သည် ရွာသားများထံမှ ဆန်၊ ပိုက်ဆံ၊ မော်တော်ဆိုင်ကယ်နှင့် လယ်ယာလုပ်ငန်းသုံးပစ္စည်းများကို လုယူခဲ့သည်။ မတရားဖမ်းဆီးမှု များနှင့် ထိန်းသိမ်းမှုများကို ဆက်လက်လုပ်ဆောင်ခဲ့ပြီး ရွာအနီးနှင့် လယ်ယာမြေများအနီးရှိ အရပ်သား နယ်မြေများတွင်လည်း မိုင်းများထောင်ခဲ့သည်။ တိုက်ခိုက်မှုများ ဆက်ဖြစ်လာသည့်အခါ မြန်မာစစ်တပ်သည် အရပ်သားများကို ပစ်မှတ်ထားပြီး ဂျက်တိုက်လေယာဉ်များကို အသုံးပြုလာခဲ့ပြီး ရွာသားများမှာ ၎င်းတို့၏ ဘေး ကင်းလုံခြုံရေးအတွက် အလွန်ကြောက်ရွံ့နေခဲ့ရသည်။

မတ်လ ၂၇ ရက်မှ စတင်၍ ကရင်ပြည်နယ်မြောက်ပိုင်းတွင် မြန်မာစစ်တပ်က **လက်နက်ကြီးများ၊ ဗုံးများ**နှင့် အမြောက်များသုံးကာ လေကြောင်းတိုက်ခိုက်မှုများကို ဧပြီလ ၁ ရက် အထိ တိုက်ခိုက်ခဲ့ပြီး၊ ထပ်မံ၍ ဧပြီ ၂၇ မှ မေ ၃ ရက်အထိ အလားတူ ဆက်လက်လုပ်ဆောင်ခဲ့သည်။ လေယာဉ်မှ ဗုံးသုံးလုံးမက ကြဲချခဲ့ပြီး ဗုံးအားလုံး သည် အေးသုထကရင်ဒုက္ခသည်စခန်းအနီးရှိ ကျေးရွာနားတွင် ကျရောက်ခဲ့ခြင်းကြောင့် ရွာသားများ ထွက်ပြေး ပုန်းအောင်းကြရသည်။ ဧပြီ ၂၈ ရက်တွင် **လေကြောင်းတိုက်ခိုက်မှု ၆ ကြိမ်ခန့် ဆက်တိုက်**ဖြစ်ပွားခဲ့သည်။ ယင်းတိုက်ခိုက်မှုများတွင် ဂျက်လေယာဉ်များ၊ ရဟတ်ယာဉ်များမှ ဗုံးကြဲတိုက်ခိုက်ခြင်းနှင့် စက်သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ လုပ်ခဲ့ကြောင်း ကရင်အမျိုးသမီးအစည်းအရုံး (KWO) က အတည်ပြုခဲ့သည်။ ဧပြီ ၃၀ ရက်တွင် လေကြောင်းတိုက်ခိုက်မှု နောက်ထပ်သုံးကြိမ် ရှိခဲ့ပြီး အားလုံးမှာ ဒါကွင်ဧရိယာတွင် ဖြစ်ပွားခဲ့သည်။ ပြည်တွင်းဒုက္ခသည် အများအပြားမှာ ဘေးကင်းလုံခြုံရေးအတွက် ထိုင်းနိုင်ငံဘက်သို့ တိမ်းရှောင်ရန် ကြိုးပမ်းခဲ့ သော်လည်း ထိုင်းအာဏာပိုင်များသည် ဒုက္ခသည်များ အပူတပြင်းလိုအပ်နေသော လူသားချင်းစာနာထောက် ထားမှု အကူအညီများပေးခြင်းကို ငြင်းဆိုခဲ့သောကြောင့်၊ **လူများမှာ ဂူများ၊ လျှိုမြောင်များနှင့် ကျောက်တုံးများ** အောက်တွင် ပုန်းအောင်းခဲ့ကြရသည်။  မိုးရာသီကာလသည် တောထဲနေထိုင်မှုကို ပိုမိုခက်ခဲစေခဲ့သည့်အပြင် အမိုးအကာများနှင့် ဆန်အပါအဝင် ပိုင်ဆိုင်မှု ပစ္စည်းများမှာလည်း တောင်ကျရေကြောင့် ပျက်ဆီးဆုံးရှုံးခဲ့ရသည်။

ထိုင်း-မြန်မာနယ်စပ်မှာ ဆက်လက်ပိတ်ထားဆဲဖြစ်ပြီး အကူအညီ အလွန်အမင်း လိုအပ်နေသော နေရာများကို အကူအညီများ လက်လှမ်းမှီနိုင်ရေးကို ထိုင်းစစ်တပ်က ငြင်းပယ်ခဲ့သည်။ ထို့ကြောင့် ဒေသခံ ခေါင်းဆောင်များက ထိုင်းစစ်တပ်အား IDP များကို အနည်းဆုံး ၁၀ ရက် နေခွင့်ပြုပါရန် တောင်းဆိုခဲ့သည်။ သို့သော် တောင်းဆိုမှု အပေါ် တုန့်ပြန်ခြင်း မရှိခဲ့ပေ။ ဧပြီလ ၂၀ ရက်နေ့အတွင်း နယ်စပ်တလျှောက်တွင် အိုးအိမ်စွန့်ခွာထွက်ပြေး လာသော ဒုက္ခသည် ၇၀၀၀ ကျော် ရှိလာသော်လည်း မည်သည့်အဖွဲ့အစည်းကမျှ ၎င်းတို့ထံ လက်လှမ်းမှီ ရောက်ရှိခြင်း မရှိခဲ့ပေ။ ထို့ကြောင့် ကရင်အမျိုးသမီးများ ဦးဆောင်သည့် လူထုအခြေပြု အဖွဲ့အစည်းအများ အပြားမှာ ထွက်ပြေးတိမ်းရှောင်သူများ၏ အရေးပေါ်လိုအပ်ချက်များကို ဖြည့်ဆီးပေးလျှက်ရှိသည်။ လိုအပ်နေ သူများထံသို့ အကူအညီများ ထောက်ပံ့ခွင့်ပြုရေးအတွက် ထိုင်းအစိုးရနှင့် တွေ့ဆုံဆွေးနွေးမှုတစ်ခု လုပ်ရေး အတွက် နိုင်ငံတကာအသိုင်းအဝိုင်းသို့ တောင်းဆိုမှုများမှာလည်း ဆက်လက်ရှိနေဆဲဖြစ်သည်။

Free Burma Rangers အဖွဲ့အစည်း၏အဆိုအရ မတ်လမှစ၍ မြန်မာစစ်တပ်၏ တိုက်ခိုက်မှုများကြောင့် ပုန်းအောင်း နေသူများမှာ ကရင်ပြည်နယ်မြောက်ပိုင်း တစ်ခုတည်းပင် ၂၅,၀၀၀ ရှိပြီး ၎င်းတို့မှာ အစားအစာ ပြတ်လပ်မည့် အလားအလာများ ကြုံနေကြရသည်။ လူပေါင်းငါးဆယ်ကျော် ဒဏ်ရာရရှိခဲ့ပြီး မြေပြင်တိုက်ခိုက် မှုများကြောင့် လူနှစ်ဆယ် သေဆုံးခဲ့ရသည်။ အမျိုးသမီးများ၊ ကလေးများနှင့် သက်ကြီးရွယ်အိုများသည် ပဋိပက္ခများတွင် ဘေးအန္တရာယ် အကြုံတွေ့ရဆုံးသူများဖြစ်ရာ လက်တွေ့တွင် ၎င်းတို့ တွေ့ကြုံရမှုသည် အမျိုးသားများထက် များစွာကြမ်းတမ်းသည်။ စစ်ပွဲသည် လူတိုင်းအပေါ် သက်ရောက်မှုရှိသော်လည်း အမျိုးသမီး နှင့် ကလေးငယ်များသည် ပဋိပက္ခနှင့် ဆက်နွယ်သော လိင်အကြမ်းဖက်မှုများ အထူးသဖြင့်မြန်မာစစ်သားများမှ စစ်လက်နက်အဖြစ်အသုံးပြုလျက်ရှိသည့် မုဒိမ်းမှုများကို ကြုံတွေ့နိုင်မည့် အန္တရာယ်မြင့်မားနေသည်။ ကျေးရွာများတွင် မည်သို့မျှ လုံခြုံမှု မရှိတော့သောကြောင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများမှာ တောတွင်းတွင်

မီးဖွားရန်မှလွဲ၍ တခြားရွေးချယ်စရာ မရှိသောကြောင့် ၎င်းတို့ ၏ ကျန်းမာရေးကိုလည်း ထိခိုက်စေသည်။ ကြမ်းတမ်းသော လမ်းများကို ဖြတ်သန်းရသည့်အခါ သက်ကြီးရွယ်အို အမျိုးသမီးများမှာ ၎င်းတို့ ဖြတ်သန်းခဲ့ဖူးသော အတိတ်က အကြောက်တရားများဖြင့် နောက်ထပ်တကြိမ် ပြန်နေရသကဲ့သို့ ဖြစ်စေသည်။ ထို အမျိုးသမီးများသည် ၎င်းတို့၏ ဂုဏ်သိက္ခာနှင့် ငြိမ်းချမ်းစွာ အသက်အရွယ်ကြီးရင့်ခွင့်ကို ဆုံးရှုံးကြရသည်။ အလွန်ခက်ခဲကြမ်းတမ်းသော အခြေအနေကို ၎င်းတို့ကြုံတွေ့နေကြသော်လည်း တော်ဝင်ထိုင်းအစိုးရသည် လူသားချင်းစာနာထောက်ထားမှု စံချိန်စံညွှန်း ဥပဒေသများနှင့်အညီ ပြုမူကျင့်ကြံရန် ပျက်ကွက်ခဲ့သည်။ ဤ မရေတွက်နိုင်သော အကြမ်းဖက်မှုများနှင့် ကရင်လူမျိုးများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများက လွန်ခဲ့သော နှစ်ပေါင်း ၇၀ အခြေအနေသို့ နောက်ပြန်သွားစေသည်။ အကြောင်းမှာ မြန်မာစစ်သားများက အပစ်ရပ်ဧရိယာများနှင့် KNU ထိန်းချုပ်နယ်မြေများအတွင်း ၎င်းတို့၏ စစ်ဆင်ရေးများကို ပုံမှန်တိုးမြှင့်နေသောကြောင့် ဖြစ်သည်။ အကြမ်းဖက်မှုများ ပြန်လည်စတင်ပေါက်ကွဲခဲ့သည်မှာ ၂၀၂၀ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းက ဖြစ်သည်။ စစ်တပ်က ကရင်အရပ်သားများ နေထိုင်ရာ နေရာများကို နေ့စဉ်နီးပါး လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သည်။ လူဦးရေ ၆၀,၀၀၀ ခန့်မှာ ၎င်းတို့၏ ရပ်ရွာများမှ ထွက်ပြေးတိမ်းရှောင်ပြီး နေရာမဲ့များဖြစ်ခဲ့ကြရသည်။

အလားတူပင် မြန်မာစစ်တပ်သည် ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ထိန်းချုပ်နယ်မြေများကိုလည်း တိုက်ခိုက်ခဲ့သည်။ ဧပြီလ ၁၈ ရက်နေ့တွင် စစ်တပ်က ထိုင်းမြန်မာနယ်စပ်တွင်တည်ရှိသော လွိုင်ကော်ဝမ်း ပြည်တွင်းဒုက္ခသည် စခန်းအနီးတွင် လက်နက်ကြီးများ ပစ်ခတ်ခဲ့ပြီး အင်အားများ တိုးချဲ့ချထားခဲ့သည်။ ထိုတိုက်ခိုက်မှုကြောင့် ဒုက္ခသည် ၂၅၀၀ ကျော်မှာ အသက်ဘေးအတွက် စိုးရိမ်ခဲ့ကြရသည်။ ရှမ်းပြည်နယ်ဒုက္ခသည် ကော်မတီက ဤဒုက္ခသည်များကို ထိုင်းနိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုပြီး ခိုလှုံခွင့်၊ နေရာထိုင်ခင်းနှင့် လူသားချင်းစာနာထောက်ထားသော အကူအညီများပေးရန် ထိုင်းအစိုးရအား တောင်းဆိုခဲ့သည်။ ထို့နည်းတူပင် **တအာင်းဒေသများတွင်လည်း ပဋိပက္ခများ** တိုးပွားလျက်ရှိသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) နှင့် တအာင်းအမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA) တို့သည် ၂၀၂၁ ခုနှစ် မတ်လ ၂၉ ရက်မှစ၍ တိုက်ခိုက်မှုများ တိုးမြင့်လာခဲ့ရာ၊ ဧပြီလ ၇ ရက်တွင် ဖြစ်ပွားသည့် ဖြစ်ရပ်တွင် အိမ်သုံးလုံးသည် လက်နက်ကြီး ကျည်ဆံထိမှန်ခံခဲ့ရပြီး တအာင်းများ ပိုင်ဆိုင်သော အိမ်အများအပြားလည်း ထိမှန်ခဲ့သည်။

ကရင်နီ/ကယားပြည်နယ်တွင်လည်း အာဏာသိမ်းမှုအပေါ် ဆန့်ကျင်မှုများ ဆက်လက်ရှိနေပြီး တိုင်းရင်းသားလူငယ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် စစ်အုပ်စုကို ဆန့်ကျင်ကာ ပြန်လည်တိုက်ခိုက်ရန် ဆန္ဒများ ထုတ်ဖော်အမည်တင်သွင်းလာကြသည်။ ရဲနှင့် လက်နက်ကိုင် မြန်မာစစ်သားများမှာ လွိုင်ကော်ပြည်သူများအပေါ် အမြတ်ထုတ်သော နည်းလမ်းများကို ကျင့်သုံးခဲ့ကြသည်။ လုံခြုံရေး တပ်ဖွဲ့များနှင့် ဆန္ဒပြပွဲများ ထိပ်တိုက်ရင်ဆိုင်ရာမှာ ဆန္ဒပြသူတစ်ဦးမှာ အနီးရှိ ချောက်ထဲသို့ မတတ်သာဘဲ ခုန်ချခဲ့ရသည်။

ရံပုံငွေ ပံ့ပိုးမှု အကန့်အသတ်ရှိသော်လည်း အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ အဖွဲ့ဝင်အဖွဲ့အစည်းများ အပါအဝင် နယ်စပ်အခြေစိုက် အဖွဲ့အစည်းများက ဆေးဖက်ဆိုင်ရာ ပစ္စည်းများ၊ အမိုးအကာ၊ အစားအစာနှင့် တရားဝင် အခွင့်အရေးဖြစ်သည့် ခိုလှုံခွင့်လျှောက်ထားခွင့်တောင်းခံရာတွင် အကူအညီပေးခြင်းစသည်တို့ကို လိုအပ်နေသော ရှမ်း၊ ကချင်နှင့် ကရင်ပြည်နယ်များမှ ရွှေ့ပြောင်းခိုလှုံနေသူများအား ပံ့ပိုးကူညီလျှက်ရှိကြသည်။ ၎င်းတို့မှာ နယ်စပ်ဖြတ်ကျော် အကူအညီများရရှိရန် အရေးပေါ်လိုအပ်နေသည်။

အခြေအနေအရ အမျိုးသမီးများအနေဖြင့် ခေါင်းဆောင်မှု တာဝန်များကို ရယူထားရသည့် တိုင်းရင်းသားဒေသများတွင် အမျိုးသမီးများ၏ အသက်အန္တရာယ်မှာလည်း ပိုမိုကြီးမားလာနေသည်။ ၎င်းတို့၏ ပါဝင်ဦးဆောင်မှုများကြောင့် အမျိုးသမီးအများအပြားမှာ လုံခြုံရေးအတွက် ပုန်းအောင်းနေကြရပြီး နေရာများကိုလည်း ပုံမှန်ပြောင်းရွှေ့နေကြရသည်။ အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် မိမိတို့၏ ကွန်ယက်များမှ အမျိုးသမီးများ ၎င်းတို့ အရေးပေါ်နေရာပြောင်းရွှေ့ရန် ရှာဖွေနေစဉ်အတွင်း လိုအပ်သော လိုအပ်ချက်များ၊ အထူးသဖြင့် ဆက်သွယ်ရေးနှင့် သွားလာရေးအတွက် ကူညီထောက်ပံ့မှုများကို ပေးနေပါသည်။

# 3 အမျိုးသမီး လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများနှင့် နိုင်ငံရေးပါဝင်မှု

မြန်မာစစ်တပ်သည် ဆန္ဒပြသူများအပေါ် အကြမ်းဖက်ဖြိုခွဲခြင်း၊ နိုင်ငံတဝှမ်းရှိ နိုင်ငံရေးခေါင်းဆောင်များ၊ တက်ကြွလှုပ်ရှားသူများ၊ သတင်းသမားများနှင့် ဆန္ဒပြသူများကို ဥပဒေမဲ့ ဖမ်းဆီးခြင်းတို့ ပြုလျက်ရှိရာ ၎င်းတို့သည် ထင်ရှားသော အမျိုးသမီး လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများကိုလည်း ပစ်မှတ်ထား တိုက်ခိုက်ကြသည်။ ဥပဒေမဲ့ ဖမ်းဆီး ထိန်းသိမ်းခံရသူများထဲတွင် ဒေါ်သင်းသင်းအောင်၊ ဒေါ်မျိုးမျိုးအေးနှင့် ဒေါ်တူးတူးသာတို့ ပါဝင်သည်။



## ဒေါ်သင်းသင်းအောင်

ဒေါ်သင်းသင်းအောင်ကို မြန်မာစစ်တပ်မှ အရပ်ဝတ် ဝတ်ထားသော လုံခြုံရေးတပ်ဖွဲ့ဝင်များက ဧပြီလ ၈ ရက်နေ့တွင် ရန်ကုန်၌ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ သူမသည် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ကို တည်ထောင်ခဲ့သူများထဲတွင် ပါဝင်သော ညီအစ်မ တစ်ဦးဖြစ်ပြီး တရားမျှတမှုအတွက် အမျိုးသမီးများအဖွဲ့ကို တည်ထောင်သူနှင့် လွတ်လပ်သော မီဒီယာအဖွဲ့အစည်းဖြစ်သော မဇ္ဈိမသတင်းဌာနကိုလည်း ပူးတွဲတည်ထောင်သူတစ်ဦးဖြစ်သည်။ နိုင်ငံပြင်ပသို့ ရောက်ရှိစေခဲ့သည့် ၁၉၈၈ ခုနှစ် လူထုအုံကြွလှုပ်ရှားမှုတွင် ပါဝင်ခဲ့ချိန်မှစ၍ သူမသည် မြန်မာ့ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှုကြီးအတွင်း အမျိုးသမီးအခွင့်အရေး လှုံ့ဆော်စည်းရုံးမှုကို ဦးဆောင်ပါဝင်ခဲ့သူတစ်ဦးလည်းဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် အမျိုးသမီးအခွင့်အရေး၊ ကျား၊ မ တရားမျှတမှုနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို အာရုံစိုက် လုပ်ဆောင်နေသော အဖွဲ့အစည်းအများအပြားနှင့် ကွန်ယက်များနှင့်အတူ တကွ လှုပ်ရှားဆောင်ရွက်ခဲ့သူတဦးဖြစ်သည့်အပြင်၊ ငြိမ်းချမ်းရေးအတွက် ကျား၊ မ တန်းတူရေး မဟာမိတ်အဖွဲ့ (AGIPP) ကို တည်ထောင်ရာတွင်လည်း ပါဝင်ပံ့ပိုးခဲ့သူဖြစ်သည်။



Photo: Clean Clothes Campaign

## ဒေါ်မျိုးမျိုးအေး

ဒေါ်မျိုးမျိုးအေးသည် အလုပ်သမားရေး တက်ကြွလှုပ်ရှားသူနှင့် သမဂ္ဂခေါင်းဆောင်တစ်ဦးဖြစ်ပြီး ဧပြီ ၁၅ ရက်နေ့တွင် သူ၏ ရုံးခန်းအတွင်းမှ အဓမ္မ ဆွဲခေါ်ပြီး ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ သူမသည် အာဏာသိမ်း ဆန့်ကျင်ရေးလှုပ်ရှားမှုတွင် မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂများ သွေးစည်းညီညွတ်ရေး အဖွဲ့၏ ခေါင်းဆောင်တစ်ဦးအဖြစ် သူမ၏ အခန်းကဏ္ဍတွင် ဦးဆောင်မှုပေးခဲ့သူ တစ်ယောက်ဖြစ်သည်။ သူမ၏ စည်းရုံးလှုပ်ရှားမှုများမှာ မြန်မာစစ်တပ်က ပုံမှန်အားဖြင့် ချိုးဖောက်လေ့ရှိသာ အထူးသဖြင့် **အလုပ်သမားများ၏ အခွင့်အရေးကာကွယ်ခြင်း**၊ လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်တို့အပေါ် အဓိကထားသည်။ များစွာသော အစီရင်ခံစာများအရ ဒေါ်မျိုးမျိုးအေးကို နာမည်ဆိုးနှင့် ကျော်ကြားသော ရန်ကုန်ရှိ အင်းစိန် အကျဉ်းထောင်သို့ လွှဲပြောင်းထားရှိသည်။



Photo: The Irrawaddy

## ဒေါ်တူးတူးသာ

ဒေါ်တူးတူးသာသည် စာရေးဆရာမနှင့် သတင်းသမားတစ်ဦးဖြစ်ပြီး **ဖမ်းဆီးခံရသော** သတင်းသမား ၃၉ ဦးတွင် တစ်ဦးအပါအဝင်ဖြစ်ပြီး ယခုတိုင် ဖမ်းဆီးချုပ်နှောင်ထားခြင်း ခံရဆဲဖြစ်သည်။ သူမကို သူမ၏ ၁၈ နှစ်အရွယ်သားနှင့် သူမ၏ မောင်တို့နှင့်အတူ ဧပြီ ၂၄ ရက်နေ့တွင် ရန်ကုန်ရှိ သံလျင်မြို့နယ်တွင်ရှိသော နေအိမ်တွင် လာရောက်ဖမ်းဆီးသွားခဲ့သည်။ ဒေါ်တူးတူးသာသည် ရောဝတီ မဂ္ဂဇင်း မြန်မာပိုင်း၏ အယ်ဒီတာဟောင်း တစ်ဦးလည်းဖြစ်သည်။ သူမသည် သန်လျင်ပို့စ်ဂျာနယ်၏ အယ်ဒီတာချုပ်ဖြစ်ပြီး သူမ၏ အားလပ်ချိန်များတွင် အခြားသတင်းသမားများကို လေ့ကျင့်သင်ကြားပေးနေသူတစ်ဦးဖြစ်သည်။

ဧပြီလ ၁၆ ရက်နေ့တွင် **အမျိုးသားညီညွတ်ရေးအစိုးရ (NUG)** ကို တရားဝင်ဖွဲ့စည်းခဲ့သည်။ အစိုးရအဖွဲ့တွင် ပါဝင်သူများတွင် ပြည်ထောင်စု လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) ၏ အဖွဲ့ဝင်များပါဝင်သည့်အပြင်၊ အမျိုးသားညီညွတ်ရေးအစိုးရတွင် ပါဝင်သူ အချို့ တဦးချင်းစီသည် မတူကွဲပြားသော တိုင်းရင်းသားအုပ်စုများကို ကိုယ်စားပြုနေပြီး လူ့အခွင့်အရေးဆိုင်ရာတွင် အတွေ့အကြုံနှင့် စိတ်ပိုင်းဖြတ်မှုများ ရှိကြသည်။ ၎င်းဖွဲ့စည်းမှုကို နှောင့်နှေးလွန်းသော ပြုပြင်ပြောင်းလဲရေးများနှင့် တိုင်းရင်းသား အသိအမှတ်ပြုမှုတို့အတွက် အပြုသဘောဆောင်သော အချက်ပြမီးအဖြစ် အရပ်ဖက်တိုင်းရင်းသားလူထုလူမှုအဖွဲ့အစည်းအချို့က ကြိုဆိုခဲ့ကြသည်။ အမျိုးသားညီညွတ်ရေးအစိုးရတွင် ပါဝင်သူများအနက် ယခုအထိ ခန့်အပ်ထားသော ကိုယ်စားလှယ် ၈ ဦးမှာ အမျိုးသမီးများဖြစ်သည်။ အငယ်ဆုံးမှာ အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန ဒု-ဝန်ကြီး အိသဉ္ဇာမောင် ဖြစ်သည်။ အစိုးရအဖွဲ့အတွင်း ခန့်အပ်ခံ အမျိုးသမီးများသည် ကရင်၊ ရှမ်း၊ ကချင် စသော မတူကွဲပြားသော တိုင်းရင်းသားများကို ကိုယ်စားပြုကြသည်။ ကရင်လူမျိုး၊ လွှတ်တော်ကိုယ်စားလှယ်နှင့် အမျိုးသမီး လူငယ်နှင့် ကလေးသူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးလည်းဖြစ်၊ NLD အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်တွင် တာဝန်ထမ်းဆောင်ခဲ့သူ နော်စူစင်နာ လှလှစိုးက လူ့အခွင့်အရေးကို ဦးစားပေးအနေဖြင့် ရှေ့ဆက်သွားရန်နှင့် တိုင်းရင်းသားနယ်မြေများမှ အသံများကို နားထောင်ရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ သူမက NLD ဦးဆောင်မှုအောက်တွင် သူမ၏ အသံကို လုံလောက်သော ကျယ်လောင်မှုရှိအောင် မလုပ်နိုင်ခဲ့သည့်အပေါ်လည်း တောင်းပန်ခဲ့သည်။

ဧပြီလ ၂၉ ရက်တွင် အမျိုးသမီးလူငယ်နှင့် ကလေးသူငယ်ရေးရာ ဝန်ကြီးဌာနက စစ်အုပ်စု၏ တရားဥပဒေနှင့် မညီသော ထိန်းသိမ်းမှုအောက်တွင် အမျိုးသမီးနှင့် မိန်းကလေးငယ်များအပေါ် လိင်ဆိုင်ရာနှင့် လိင်ကွဲပြားမှုကို အခြေခံသော အကြမ်းဖက်မှုများနှင့် ပတ်သက်သည့် လုပ်ဆောင်ချက်များအပေါ်တွင် **ရှုတ်ချခဲ့သည်။** ၎င်းက အတိတ်က စစ်တပ်၏ မှားယွင်းမှုများနှင့် လိင်ပိုင်းဆိုင်ရာနှင့် လိင်ကွဲပြားမှုကို အခြေခံသော အကြမ်းဖက်မှုများ၏ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေသော ပုံစံများကို အသိအမှတ်ပြုလိုက်ခြင်း ဖြစ်သည်။

အမျိုးသမီးအဖွဲ့အစည်းများသည် အမျိုးသမီးလူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအားလုံးကို လွှတ်ပေးရေးအတွက် စစ်အုပ်စုကို တိုက်တွန်းနှိုးဆော်ရန်နှင့် အမျိုးသမီးလူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများအားလုံး လွတ်မြောက်ရေးအတွက် **အာဆီယံကို** တောင်းဆိုခြင်းကဲ့သို့သော နိုင်ငံတကာ ကြားဝင်ဆောင်ရွက်ရေးအတွက် အသံကျယ်စွာ တောင်းဆိုခဲ့ကြသည်။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် အဖွဲ့ချုပ်ထူထောင်သူ ညီအစ်မတစ်ဦးဖြစ်သော ဒေါ်သင်းသင်းအောင် အပါအဝင် မြန်မာနိုင်ငံရှိ အမျိုးသမီး လူ့အခွင့် အရေးကာကွယ်စောင့်ရှောက်သူများ၏ အခြေအနေ စိုးရိမ်ချက်များနှင့် ပတ်သက်၍ စည်းရုံးလှုပ်ရှားမှုများနှင့် လှုပ်ရှားဆောင်ရွက်မှုများကို လုပ်ဆောင်ခဲ့သည်။ တချိန်တည်းမှာပင် အစဉ်တစိုက် လုပ်ဆောင်နေကျအတိုင်းပင် အဖွဲ့ချုပ် ၏ အဖွဲ့ဝင် အဖွဲ့အစည်းများသည် တိုင်းရင်းသားနယ်မြေများတွင် အရေးပေါ်လိုအပ်နေသော လူသားချင်း စာနာထောက်ထားမှု အကူအညီများကို ဦးဆောင် ဖြည့်ဆီးနေကြသည်။

**#Sisters2Sisters** ညီအစ်မများမှ ညီအစ်မများသို့ ကမ္ဘာလုံးဆိုင်ရာ ကမ်ပိန်းသည် အမျိုးသမီး လူ့အခွင့်အရေး လှုပ်ရှားသော အဖွဲ့အစည်းများအကြား သွေးစည်းညီညွတ်မှုကို ပြသသော အထင်ကရ ဥပမာ တစ်ခုဖြစ်သည်။ ၎င်းကမ်ပိန်းကို ဧပြီလ ၂၈ ရက်နေ့တွင် စတင်ခဲ့ပြီး အမျိုးသမီးလူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၏ အခွင့်အရေးများကို ကာကွယ်ခြင်းနှင့် စောင့်ရှောက်ခြင်းကို အလေးထားသူများ၊ အဖွဲ့အစည်းများအားလုံး ပါဝင် ပူးပေါင်းရန် နှိုးဆော်ထားသည်။

# အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) နှင့် အဖွဲ့ဝင်အဖွဲ့အစည်းများ၏ လှုပ်ရှားမှုများ

**ဧပြီ ၅ – ၉** အရှေ့တောင်အာရှ အမျိုးသမီးညီလာခံ - Asia Pacific Forum on Women, Law and Development APWLD ၏ အဖွဲ့ဝင်အဖြစ် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် ဧပြီ ၇ ရက်နေ့တွင် ငြိမ်းချမ်းရေး၊ တရားမျှတရေး၊ အုပ်ချုပ်ရေးနှင့် နိုင်ငံတော်၏ တာဝန်ခံမှုအစီအစဉ်တွင် ပါဝင်ပြီး ဆွေးနွေးတင်ပြခဲ့သည်။ ထိုအစီအစဉ်တွင် ပါဝင်တက်ရောက် သောအဖွဲ့အစည်းများနှင့်လည်း ဧပြီလ ၉ ရက်နေ့တွင် မြန်မာနိုင်ငံနှင့် သွေးစည်းညီညွတ်ရေးလှုပ်ရှားမှု တစ်ခုကိုလည်း လုပ်ဆောင်ခဲ့သည်။

**ဧပြီ ၈** Asia Pacific Forum on Women, Law and Development (APWLD) နှင့် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ပူးတွဲကျင်းပသော **အွန်လိုင်းသတင်းစာရှင်းလင်းပွဲ**တွင် အဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူး၊ ကချင်အမျိုးသမီး အစည်းအရုံး ထိုင်းနိုင်ငံ၊ ကရင်အမျိုးသမီးအစည်းအရုံးနှင့် ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်းတို့မှ ကိုယ်စားလှယ်များသည် အမျိုးသမီးများအပေါ် အာဏာသိမ်းမှု၏ ဆိုးကျိုးသက်ရောက်မှုများနှင့် တိုင်းရင်းသားဒေသများတွင် ဖြစ်ပွားနေသည့် စစ်ဆင်ရေးများနှင့် လူ့အခွင့်အရေးဆုတ်ယုတ်ပျက်စီးမှုများ၊ အထူးသဖြင့် ကရင်ပြည်နယ်တွင်းရှိ လေကြောင်းတိုက်ခိုက်မှု အခြေအနေများကို မီးမောင်းထိုးပြခဲ့ကြသည်။

**ဧပြီ ၁၆** အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) နှင့် APWLD တို့သည် ဒေါ်သင်းသင်းအောင်အပါအဝင် မြန်မာနိုင်ငံရှိ အမျိုးသမီး လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ (WHRD) များနှင့် ပတ်သက်သည့် နောက်ထပ် ကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ ထိုနေ့တွင်ပင် အဖွဲ့ချုပ်က လူမှုကွန်ယက် မီဒီယာလှုံ့ဆော်ရေးလှုပ်ရှားမှုကို စတင်ပြီး ဒေါ်သင်းသင်းအောင် အကြောင်း ပိုမိုသိရှိစေရန်နှင့် သူမအပါအဝင် အခြားအမျိုးသမီး လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ (WHRD) လွတ်မြောက်ရေးအတွက် ဝိုင်းဝန်းတောင်းဆိုပေးကြရန် လူမှုကွန်ယက် မီဒီယာများပေါ်တွင် စည်းရုံးလှုံ့ဆော်မှုပြုလုပ်ခဲ့သည်။

**ဧပြီ ၂၂** APWLD ၏ အဖွဲ့ဝင်အဖြစ် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် ဧပြီလ ၂၄ ရက်တွင် ကျင်းပမည့် “မြန်မာနိုင်ငံဆိုင်ရာ အာဆီယံ အထူးထိပ်သီး အစည်းအဝေး” မတိုင်မီ ပြုလုပ်သော “မြန်မာနိုင်ငံဆိုင်ရာ အရှေ့တောင်အာရှ လူထုထိပ်သီး ညီလာခံ” တွင် ပါဝင်ခဲ့သည်။ မနက်ပိုင်းအစီအစဉ်တွင် ဒေါ်သင်းသင်းအောင်နှင့် အခြားအမျိုးသမီးလူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများကို ပုံဖော်ထားသည့် သွေးစည်းညီညွတ်ရေး ဗီဒီယိုကို ပြသခဲ့သည်။ နေ့ခင်းအစီအစဉ်တွင် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ အထွေထွေအတွင်းရေးမှူးက “မြန်မာနိုင်ငံဆိုင်ရာ အာဆီယံတုန့်ပြန်မှုအပေါ် လူထုဆွေးနွေးပွဲ” ကို တက်ရောက်၍ တင်ပြပြောဆိုခြင်း ပြုလုပ်ခဲ့သည်။

**ဧပြီ ၂၈** အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် ဒေါ်သင်းသင်းအောင်နှင့် အခြားသော WHRD များကို လွှတ်ပေးရေးနှင့်ပတ်သက်၍ အာဆီယံသို့ စာတစ်စောင်ပေးပို့ရေးအတွက် ဝိုင်းဝန်းထောက်ခံကြရန် ဖိတ်ခေါ်ခဲ့သည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အဖွဲ့ဝင် အဖွဲ့အစည်းများကြားတွင် စစ်အုပ်စုအား ဆန့်ကျင်ဖီဆန်ရာတွင် စုပေါင်းတွန်းလှန်မှုများ ရှိခဲ့သည်။ ကရင်နီ/ကယားပြည်နယ်တွင် ကယန်းအမျိုးသမီးအစည်းအရုံးမှ ညီအစ်မများသည် အလှူရှင်များနှင့် ချိတ်ဆက်ကာ ထိုအလှူရှင်များ၏ ရန်ပုံငွေများထဲမှ လူထုအာဏာဖီဆန်ရေး လှုပ်ရှားမှုအတွက် ငွေကြေးထောက်ပံ့မှုများ ပြုလုပ်ရေးအတွက် တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ စစ်အုပ်စု၏ စစ်အင်အားများပြားသော နေရာများ၊ ဥပမာ ချင်းပြည်နယ်တွင် တရားမျှတမှုအတွက် အမျိုးသမီးများအဖွဲ့မှ ဆန္ဒပြသူများအတွက် ဆေးကုသရေးနှင့် လုံခြုံရေးအတွက် ကူညီပံ့ပိုးခဲ့သည်။ ရှမ်းပြည်နယ်တွင် တအောင်းအမျိုးသမီးအဖွဲ့သည် လူထုအာဏာဖီဆန်ရေး လှုပ်ရှားမှုအတွက် ရံပုံငွေရှာဖွေလျက်ရှိပြီး လက်ရှိအခြေအနေနှင့်ပတ်သက်သည့် အချက်အလက်များ စုဆောင်းမှတ်တမ်းတင်ရေးအတွက် ကြိုးပမ်းလျက်ရှိသည်။

၎င်းတို့၏ လှုပ်ရှားမှုများက ၎င်းတို့အတွက် ဘေးအန္တရာယ်တိုးမြင့်စေသည်။ စစ်အုပ်စု၏ ဖမ်းဆီးရန် စာရင်းတွင် ပါဝင်သူများအပါအဝင် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ ညီအစ်မ အများအပြားသည် လုံခြုံဘေးကင်းရာတွင် ပုန်းခိုနေကြရပြီး ၎င်းတို့၏ လုံခြုံရေးအတွက် အမည်မဖော်နိုင်သည့် ပုန်းခိုနေသည့် နေရာများမှ လျှို့ဝှက်စွာ ဆက်သွယ်ကြရသည်။ မည်သို့ပင်ဖြစ်စေ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ အဖွဲ့ဝင်များ အပါအဝင် အမျိုးသမီးလူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ အားလုံးသည် လူထုအား ကာကွယ်ပြီး အထောက်အကူပေးသော လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားကြမည်ဖြစ်သည်။

# နိဂုံးချုပ်

စစ်အာဏာသိမ်းမှု၏ သက်ရောက်မှုများသည် မြန်မာနိုင်ငံတလွှားရှိ ပြည်သူတစ်ရပ်လုံးအပေါ် ထိခိုက်သက်ရောက်မှုများ ရှိနေသည်။ စစ်အုပ်စုက ၎င်းအား ဆန့်ကျင်သူများကို လိုက်လံရှာဖွေပြီး နိုင်ငံကို မတည်မငြိမ်ဖြစ်စေရန် နောက်ပြန်ဆွဲခဲ့သဖြင့် ထောင်နှင့်ချီသော လူများမှာ လွတ်လပ်စွာ အသက်ရှင်ခွင့်နှင့် ဘေးကင်းလုံခြုံမှုတို့ ဆုံးရှုံးနေကြရသည်။ စိတ်ပျက်မှုနှင့် အကြောက်တရား ကြီးစိုးလွှမ်းမိုးလာနေသည်နှင့် တပြိုင်တည်း သတ္တိနှင့် ဇွဲ ရှိခြင်းကိုလည်း တွေ့ရသည်။ မတူကွဲပြားမှုများကို အတားအဆီးအဖြစ် အသုံးပြုမည့်အစား ကွဲပြားခြားနားမှုများကို ဂုဏ်ယူလက်ခံလာသည်နှင့်အမျှ တိုင်းရင်းသားစည်းများမှာလည်း အပြန်အလှန် ဆက်စပ်ကျော်ဖြတ်မှုများ ရှိလာသည်။ လာမည့် မျိုးဆက်သစ်များအတွက် စစ်မှန်ပြီး အဓိပ္ပာယ်ပြည့်ဝသော ငြိမ်းချမ်းရေးအတွက် ရုန်းကန်လှုပ်ရှားမှုနှင့်အတူ သွေးစည်းညီညွတ်မှုနှင့် မျှော်လင့်ချက်များလည်း အားကောင်းလာခဲ့သည်။

ဖက်ဒရယ်နှင့် ဒီမိုကရေစီရေးအတွက် အမျိုးသမီးများသည် ကြီးမားသော အင်အားနှင့် သံဓိဋ္ဌာန်ကို ပြသနိုင်ခဲ့သည်။ ခြိမ်းခြောက်မှုများနှင့် ၎င်းတို့ တွေ့ကြုံခဲ့ရသော အကြမ်းဖက်မှုများအပေါ် ကြောက်မက်ဖွယ် ထွက်ဆိုချက်များ ရှိခဲ့သော်လည်း ၎င်းတို့သည် ပိုမိုခိုင်မာလာပြီး အခြားသူများကို ကာကွယ်ရန်အတွက် ၎င်းတို့၏ အတွေ့အကြုံများကို အသုံးပြုရန် စိတ်ပိုင်းဖြတ်ခဲ့ကြသည်။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ ညီအစ်မများသည် မိမိတို့ အားထုတ်ကြိုးပမ်းမှုများ အရှိန်အဟုန်မပျက် လှုပ်ရှားရန် စိတ်အားသန်နေကြပြီး ဆုံးဖြတ်ချက်များချမှတ်ရာတွင် တိုင်းရင်းသူအမျိုးသမီးများ၏ အသံကို အများက ကြားသိစေရန် မိမိတို့ လုပ်ဆောင်ရမည့် အပိုင်းအဖြစ် ဆက်လက်ဆောင်ရွက်သွားမည်။ မိမိတို့၏ ပါဝင်မှုသည် အနာဂတ် မြန်မာနိုင်ငံသည် လွတ်လပ်မျှတပြီး ဖက်ဒရယ်နှင့် အမျိုးသမီးရေး အမြင်ကို အလေးထားမည့် နိုင်ငံဖြစ်ရေးအတွက် အကူအညီဖြစ်စေ

## အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ သည် လက်တွေ့ဆောင်ရွက်ချက်များ လုပ်ဆောင်ရန် နိုင်ငံတကာ အသိုင်းအဝိုင်းသို့ တောင်းဆိုလိုသည်မှာ



နိုင်ငံတော် စီမံအုပ်ချုပ်မှု ကောင်စီခေါ်
**စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ပါ။**



လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် နိုင်ငံတကာရာဇဝတ်ခုံရုံး
**ICC သို့ လွှဲပြောင်းပါ။**



**ကမ္ဘာတလုံးဆိုင်ရာ လက်နက် ပိတ်ဆို့မှု ပြုလုပ်ပါ။**

- ငြိမ်းချမ်းစွာ ဆန္ဒပြသူများ အထူးသဖြင့် အမျိုးသမီးလူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများအတွက် ဂေဟာ/ခိုလှုံရာ နေရာပေး ထားသော ဒေသခံလူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများအား ကူညီပံ့ပိုးပါ။
- အမျိုးသမီး အခွင့်အရေးအဖွဲ့အစည်းများနှင့် လူထုအခြေပြုလူမှု အဖွဲ့အစည်းများ၏ နိုင်ငံရေးပါဝင်ခွင့်အတွက် နိုင်ငံအတွင်းရှိ ကူညီဖန်တီးပေးနေသူများအား ကူညီပံ့ပိုးပါ။
- ပဋိပက္ခနှင့် သက်ဆိုင်သော လိင်အကြမ်းဖက်မှုများ၊ ထိန်းသိမ်းထားစဉ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် လိင်ပိုင်းဆိုင်ရာ စော်ကားမှုများအပါအဝင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများအတွက် အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်ခွင့် ရရှိနေမှုကို အဆုံးသတ်ရန်အတွက် စည်းရုံးလှုံ့ဆော်သော လုပ်ငန်းများ လှုပ်ရှားများအား ကူညီပံ့ပိုးပါ။

# အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် မြန်မာနိုင်ငံမှ သမိုင်းကြောင်း နောက်ခံကွဲပြားသည့် တိုင်းရင်းသူအမျိုးသမီးအဖွဲ့အစည်း (၁၃) ဖွဲ့ဖြင့် စုပေါင်းဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်ပါသည်။ အဖွဲ့ချုပ်ကို ၁၉၉၉ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။


**ဆက်သွယ်ရန်**

secretariat@womenofburma.org

@wlbpower

@womenofburma


Women's League of Burma